# ဥပဒေရေးရာဝန်ကြီးဌာန

## အပတ်စဉ်သတင်းလွှာ

အတွဲ (၁) အမှတ် (၂၉) ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၁ ရက်


**မာတိကာစဉ်**


| | | |
|---|---|---|
| ၁။ | မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော ဥပဒေ၊နည်းဥပဒေနှင့်အမိန့်ကြော်ငြာစာအသစ်များအကြောင်းသိကောင်းစရာ။ | ၂-၃ |
| ၂။ | စာပေနှင့် အနုပညာလက်ရာများ၊ ဆက်နွှယ်သည့် အခွင့်အရေးဆိုင်ရာကိစ္စရပ်များ မှတ်ပုံတင်လျှောက်ထားခြင်းအတွက် လိုအပ်သော လျှောက်လွှာပုံစံများ သတ်မှတ်ခြင်းနှင့် စပ်လျဉ်း၍ သိကောင်းစရာ။ | ၄ |
| ၃။ | စိတ်အပန်းဖြေမှုပေးသည့် အမျိုးသမီးဟု ရည်ညွှန်းခေါ်ဆိုသူများကို ဂျပန်နိုင်ငံ အစိုးရမှ လျော်ကြေးပေးရန် တောင်ကိုးရီးယားနိုင်ငံတရားရုံးချုပ်က ချမှတ်သော အမိန့်အား ပြန်လည်သုံးသပ်ပေးရန် တောင်းဆိုခြင်း။ | ၅-၆ |
| ၄။ | ဘဏ် နှင့် မိုဘိုင်း၊ ငွေရေးကြေးရေး ဝန်ဆောင်မှုများကို အသုံးပြု လိမ်လည်၍ တိုင်ကြားလာပါက ဆောင်ရွက်ရမည့်စံလုပ်ငန်းစဉ်များဆိုင်ရာ လမ်းညွှန်ချက်။ | ၇-၈ |
| ၅။ | UAE နိုင်ငံတွင် ကျင်းပနေသည့် COP 28th (Conference of the Parties) ၏ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဖြေရှင်းဆောင်ရွက်ချက်များ။ | ၉-၁၁ |
| ၆။ | ကမ္ဘာ့ကပ်ရောဂါဆိုင်ရာ သဘောတူစာချုပ်(မူကြမ်း) သည် လူ့အခွင့်အရေးကို ကာကွယ်ရန် ပျက်ကွက်ခြင်း။ | ၁၂-၁၃ |

ဥပဒေရေးရာဝန်ကြီးဌာန
အပတ်စဉ်သတင်းလွှာ
အတွဲ (၁) အမှတ် (၂၉)		၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်

## မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော ဥပဒေ၊ နည်းဥပဒေနှင့် အမိန့်ကြော်ငြာစာအသစ်များအကြောင်း သိကောင်းစရာ

ဥပဒေရေးရာဝန်ကြီးဌာနက ဝန်ဆောင်မှုများပေးနေသော မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)တွင် ယခုသီတင်းပတ်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေကိုပြင်ဆင်သည့်ဥပဒေ (၂၀၂၃) ခုနှစ်၊ အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း အမိန့်ကြော်ငြာစာ၊ ဆက်သွယ်ရေးကွန်ရက်မှ တစ်ဆင့် ငွေကြေးလိမ်လည်မှုများနှင့်စပ်လျဉ်း၍ တားဆီးကာကွယ်ရန် သတင်း အချက်အလက်ရယူခြင်းနှင့် စစ်ဆေးဖော်ထုတ်အရေးယူခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ (Standard Operating Procedures-SOP) ၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ထောက်ပံ့ငွေဆိုင်ရာ ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများ အမိန့်ကြော်ငြာစာ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၏ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး အတွင်းရှိလမ်းများအား လမ်းဦးစီးဌာနပိုင်လမ်းမကြီးများအဖြစ် သတ်မှတ်ကြေညာခြင်း အမိန့်ကြော်ငြာစာများ၊ ကျန်းမာရေးဝန်ကြီးဌာန၏ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းများကို စံသတ်မှတ်ချက်များနှင့်အညီ ထုပ်ပိုးခြင်းနှင့် ကျန်းမာရေးသတိပေးရုပ်ပုံများ၊စာသားများကို ပုံနှိပ်ဖော်ပြခြင်းဆိုင်ရာ အမိန့်ကို တတိယအကြိမ်ပြင်ဆင်သည့် အမိန့်ကြော်ငြာစာ၊ ပြည်တွင်းအခွန်များဦးစီးဌာန၏ လစာခေါင်းစဉ်မှအပ ငွေထုတ်ပေးရန်တာဝန်ရှိသူက ငွေထုတ်ပေးချိန်တွင် ပင်ရင်းမှ နုတ်ယူပေးသွင်းရန် မလိုအပ်သည့် ပေးချေငွေအမျိုးအစားသတ်မှတ်ခြင်း အမိန့်ကြော်ငြာစာ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေအရ စွဲဆိုမှုများ စစ်ဆေးစီရင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေအရ စွဲဆိုမှုများ စစ်ဆေးစီရင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများတို့ကို အများပြည်သူများ လွယ်လင့်တကူကြည့်ရှုနိုင်ရန် ဖော်ပြဝန်ဆောင်မှုပေးထားပါသည်။

ကျန်းမာရေးဝန်ကြီးဌာနမှ ၂၁-၁၁-၂၀၂၃ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၃၄၇/၂၀၂၃ ဖြင့် ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းများကို စံသတ်မှတ်ချက်များနှင့်အညီ ထုပ်ပိုးခြင်းနှင့်

ကျန်းမာရေးသတိပေးရုပ်ပုံများ၊ စာသားများကိုပုံနှိပ်ဖော်ပြခြင်းဆိုင်ရာအမိန့်ကို တတိယအကြိမ်ပြင်ဆင်သည့်အမိန့်အား ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှုထိန်းချုပ်ရေးဥပဒေ ပုဒ်မ ၁၉ ပုဒ်မခွဲ (ခ) အရ ထုတ်ပြန်ခဲ့ပါသည်။

ယင်းအမိန့်ကြော်ငြာစာ၌ ၁၂-၁၀-၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄၅၃/၂၀၂၁ ဖြင့် ထုတ်ပြန်ခဲ့သော ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများကို စံသတ်မှတ်ချက်များနှင့်အညီ ထုပ်ပိုးခြင်းနှင့် ကျန်းမာရေးသတိပေးရုပ်ပုံများ၊ စာသားများကို ပုံနှိပ်ဖော်ပြခြင်းဆိုင်ရာအမိန့် အပိုဒ် ၁ အပိုဒ်ခွဲ (ခ)၌ "ဤအမိန့်သည် ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့မှ စတင်အာဏာသက်ရောက်စေရမည်" ဟု အစားထိုးထုတ်ပြန်ခဲ့သည်ကို တွေ့ရှိရပါသည်။

e- Government ဌာနခွဲ
ဝန်ကြီးရုံး
ဥပဒေရေးရာဝန်ကြီးဌာန

## စာပေနှင့်အနုပညာလက်ရာများ၊ ဆက်နွယ်သည့်အခွင့်အရေးဆိုင်ရာကိစ္စရပ်များ မှတ်ပုံတင် လျှောက်ထားခြင်းအတွက် လိုအပ်သောလျှောက်လွှာပုံစံများ သတ်မှတ်ခြင်းနှင့် စပ်လျဉ်း၍ သိကောင်းစရာ

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် စာပေနှင့် အနုပညာမူပိုင်ခွင့်ဥပဒေ ပုဒ်မ ၁၀၁ ပုဒ်မခွဲ (ခ) ပုဒ်မခွဲငယ် (၂) အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ စာပေနှင့် အနုပညာလက်ရာများ၊ ဆက်နွယ်သည့်အခွင့်အရေးဆိုင်ရာကိစ္စရပ်များ မှတ်ပုံတင်လျှောက်ထား ခြင်းအတွက် လိုအပ်သောလျှောက်လွှာပုံစံများကို ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၇၃/၂၀၂၃ ဖြင့် သတ်မှတ်လိုက်ကြောင်း၊ မူလလက်ရာရှင် သို့မဟုတ် စာပေနှင့်အနုပညာမူပိုင်ခွင့်ပိုင်ရှင်တစ်ဦးဦးသည် စာပေ သို့မဟုတ် အနုပညာလက်ရာကို စာပေ နှင့် အနုပညာမူပိုင်ခွင့်ဥပဒေပုဒ်မ ၄၆ အရ မှတ်ပုံတင်အရာရှိထံ မှတ်ပုံတင်လျှောက်ထားရာတွင် ယင်းအမိန့်ကြော်ငြာစာဖြင့် သတ်မှတ်လိုက်သည့်လျှောက်လွှာပုံစံများဖြင့် လျှောက်ထားနိုင်ကြောင်း၊ ယင်းသို့ မှတ်ပုံတင်ရန် လျှောက်ထားခြင်းဖြင့် စာပေနှင့် အနုပညာမူပိုင်ခွင့် အခွင့်အရေးရရှိကြောင်း ခိုင်လုံသော သက်သေအထောက်အထားရရှိစေနိုင်သည့် အကျိုးကျေးဇူးရရှိမည်ဖြစ်ကြောင်း သိရ သည်။

နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့် ညွှန်ကြားချက်များဌာနခွဲ
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

သတင်းအရင်းအမြစ်: စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

## စိတ်အပန်းဖြေမှုပေးသည့်အမျိုးသမီးဟု ရည်ညွှန်းခေါ်ဆိုသူများကို ဂျပန်နိုင်ငံအစိုးရမှ လျော်ကြေးပေးရန် တောင်ကိုးရီးယားနိုင်ငံ တရားရုံးချုပ်က ချမှတ်သောအမိန့်အား ပြန်လည်သုံးသပ်ပေးရန် တောင်းဆိုခြင်း

စိတ်အပန်းဖြေမှုပေးသည့်အမျိုးသမီးဟု ရည်ညွှန်းခေါ်ဆိုသူ အမျိုးသမီး ၁၆ ဦးကို ဂျပန်နိုင်ငံအစိုးရမှ လျော်ကြေး ဝမ်သန်း ၂၀၀စီပေးရန် တောင်ကိုးရီးယားနိုင်ငံတရားရုံးချုပ်က ၂၃-၁၁-၂၀၂၃ ရက်နေ့က ချမှတ်သောအမိန့်ကို တောင်ကိုရီးယားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးအနေဖြင့် ပြန်လည်သုံးသပ်ပေးရန် ဂျပန်နိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး Kamikawa Yoko က တောင်းဆိုခဲ့ပါသည်။

တောင်ကိုးရီးယားအမျိုးသမီး ၁၆ ဦးသည် ဒုတိယကမ္ဘာစစ်အတွင်း၌ အမျိုးသားများအား စိတ်ဖျော်ဖြေမှုပေးခဲ့ရပြီး လိင်ပိုင်းဆိုင်ရာ အနိုင်အထက်ပြုမှု၊ နာကျင်ခံစားခဲ့ရမှုများအတွက် ဂျပန်နိုင်ငံအစိုးရမှ လျော်ကြေးပေးရန် ၂၀၁၆ ခုနှစ်က တရားစွဲဆိုခဲ့ရာ ၂၀၂၁ ခုနှစ်တွင် Seoul Central District Court က လျှောက်ထားမှုကို ပယ်ခဲ့သောကြောင့် အယူခံတင်သွင်းခဲ့သည့်အမှုအပေါ် တရားရုံးချုပ်က ယင်းအမိန့်ကိုပြင်ဆင်၍ အပြည်ပြည်ဆိုင်ရာစာချုပ်များနှင့် ပြစ်မှုဆိုင်ရာဥပဒေကို ချိုးဖောက်ခြင်းဖြစ်ကြောင်း၊ ပြစ်မှုကျူးလွန်သူနိုင်ငံသည် ပြစ်မှုကျူးလွန်သည့်နိုင်ငံအတွင်းရှိ နိုင်ငံသားများကို ဥပဒေနှင့်မညီသော ပြုလုပ်မှုများကျူးလွန်ခဲ့သဖြင့် ပြစ်မှုမှကင်းလွတ်ခွင့်ရမည် မဟုတ်ကြောင်းဖြင့် ဂျပန်နိုင်ငံအစိုးရမှ လျော်ကြေးပေးရန် အမိန့်ချမှတ်ခဲ့ခြင်းဖြစ်ပါသည်။

၂၆-၁၁-၂၀၂၃ ရက်နေ့ နံနက်ပိုင်း၌ တောင်ကိုရီးယားနိုင်ငံ Busan မြို့ရှိ ဟိုတယ်တစ်ခုတွင် ဂျပန်နိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး Kamikawa Yoko သည် တောင်ကိုရီးယားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Park Jin နှင့် မိနစ် ၉၀ ခန့်တွေ့ဆုံခဲ့စဉ် ကြာသပတေးနေ့က ချမှတ်ခဲ့သော ယင်းတရားစီရင်ချက်နှင့်ပတ်သက်၍ အလွန်အမင်း စိတ်မကောင်းဖြစ်ရကြောင်း၊ နိုင်ငံတကာဥပဒေကို ချိုးဖောက်ရာရောက်ကြောင်းပြောကြားခဲ့ပြီး တောင်ကိုရီးယားနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးအနေဖြင့် ပြန်လည်သုံးသပ်ရေးဆောင်ရွက်ရန် တိုက်တွန်းခဲ့ပါသည်။

တောင်ကိုရီးယားနိုင်ငံတရားရုံးချုပ်၏အဆိုပါစီရင်ချက်ကို ဂျပန်အစိုးရက ကန့်ကွက်ကြောင်း၊ နိုင်ငံတကာဥပဒေနှင့် ဂျပန်-တောင်ကိုရီးယားတို့၏ သဘောတူညီချက်များကို ဆန့်ကျင်ရာရောက်ကြောင်း ဂျပန်အစိုးရအဖွဲ့၏အတွင်းဝန်ကြီးဖြစ်သူ Matsuno Hirokazu ကလည်း ထပ်မံ ပြောဆိုခဲ့ပါသည်။

တောင်ကိုရီးယားနိုင်ငံ၊နိုင်ငံခြားရေးဝန်ကြီးဌာနက အဆိုပါစီရင်ချက်နှင့်ပတ်သက်၍ အသေးစိတ်စစ်ဆေးနေကြောင်း၊ တောင်ကိုရီးယားနိုင်ငံအစိုးရသည် ၂၀၁၅ ခုနှစ် နှစ်နိုင်ငံ သဘောတူညီချက်ကို လေးစားလိုက်နာသည့်ရပ်တည်ချက်ကို ကိုင်စွဲထားကြောင်း ပြောကြားခဲ့ပါသည်။

အဆိုပါအမှုတွင် ကိုယ်တိုင်ခံစားခဲ့ရပြီး တစ်ဦးတည်းသော အသက်ရှင်ကျန်ရစ်သူ အမျိုးသမီးဖြစ်သည့် အသက် ၉၅ နှစ်အရွယ်ရှိ Lee Yong Soo က ဂျပန်အစိုးရမှ လျော်ကြေးပေးရမည့် အမိန့်ကို ဝမ်းမြောက်မိကြောင်းနှင့် အမှုတွင်ပါဝင်ခံစားခဲ့ကြရသော ကွယ်လွန်ပြီးဖြစ်သည့်အမျိုးသမီးများကိုလည်းမျှဝေပါကြောင်း ပြောကြားခဲ့သည်ဟုသိရသည်။

e-Government ဌာနခွဲ
ဝန်ကြီးရုံး
ဥပဒေရေးရာဝန်ကြီးဌာန

Source: https://www3.nhk.or.jp/nhkworld/my/news/448669/

## ဘဏ်နှင့် မိုဘိုင်း၊ ငွေရေးကြေးရေးဝန်ဆောင်မှုများကို အသုံးပြုလိမ်လည်၍ တိုင်ကြားလာပါက ဆောင်ရွက်ရမည့် စံလုပ်ငန်းစဉ်များဆိုင်ရာ လမ်းညွှန်ချက်

ဘဏ်နှင့် မိုဘိုင်း၊ ငွေရေးကြေးရေး ဝန်ဆောင်မှုများကို အသုံးပြု၍လိမ်လည် ထုတ်ယူခြင်းခံရသူများ၏ နစ်နာဆုံးရှုံးမှုကို ကာကွယ်နိုင်ရေးအတွက် ဘဏ်နှင့် မိုဘိုင်းငွေကြေးစာရင်းမှ ငွေများကို နည်းအမျိုးမျိုး အသုံးပြု၍ လိမ်လည်ရယူခြင်း ဖြစ်ပွားပေါ်ပေါက်ပါက အချိန်နှင့်တစ်ပြေးညီ အရေးယူဆောင်ရွက်နိုင်ရန် လမ်းညွှန်ချက်ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အမိန့်ကြော်ငြာစာအမှတ် ၂၂/၂၀၂၃ ဖြင့် ၁၅-၉-၂၀၂၃ ရက်နေ့တွင် ထုတ်ပြန်ခဲ့ကြောင်း သိရှိရပါသည်။

ယင်းလမ်းညွှန်ချက်အရ လိမ်လည်ထုတ်ယူခြင်းခံရသူ (လိမ်လည်ခံရသူသည်) မိမိ၏ မိုဘိုင်းငွေစာရင်းမှ ငွေများလိမ်လည်ခြင်းခံရပါက သက်ဆိုင်ရာ ဘဏ်နှင့် မိုဘိုင်း၊ ငွေရေး ကြေးရေး ဝန်ဆောင်မှုပေးသည့် (အဖွဲ့အစည်း) ၏ စုံစမ်းမေးမြန်းစင်တာ (call center)၊ တိုင်ချက်လက်ခံသည့်စင်တာ (complaint center) သို့ ချက်ချင်းဆက်သွယ် အကြောင်းကြားခြင်း၊ ထိုစင်တာများမှ လိုအပ်၍တောင်းခံသည့် အချက်အလက်များကို ချက်ချင်းပေးပို့ခြင်း၊ သက်ဆိုင်ရာ နယ်မြေရဲစခန်းတွင် သွားရောက် အမှုဖွင့်ခြင်း တို့ကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာ နယ်မြေရဲစခန်းမှလည်း တိုင်ချက်လက်ခံရရှိပါက ချက်ချင်းအမှုဖွင့်လှစ်ပြီး ဖုန်း၊ ဖက်(စ်) (fax)၊ အီးမေး(လ်) (e-mail) တို့ဖြင့် သက်ဆိုင်ရာဘဏ်နှင့် မိုဘိုင်း၊ ငွေရေးကြေးရေး ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းသို့ ချက်ချင်းအကြောင်းကြားရမည်ဖြစ်ကြောင်း သိရှိရပါသည်။

ယင်းလမ်းညွှန်ချက်တွင် ဘဏ်နှင့် မိုဘိုင်း၊ ငွေရေးကြေးရေး ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်း၏ သက်ဆိုင်ရာလုပ်ငန်းဆောင်ရွက်သည့် ဌာနသည် တိုင်ကြားသူ၏ သတင်းပေးပို့ချက်များသည် မှန်ကန်ခြင်းရှိ မရှိ၊ လိမ်လည်သူဟု သံသယဖြစ်ဖွယ် ပေါ်ပေါက်ခြင်းရှိ မရှိနှင့် လိမ်လည်သူနှင့် ဆက်နွယ်သူဟု သံသယဖြစ်ဖွယ်အကြောင်း ပေါ်ပေါက်ခြင်းရှိ မရှိတို့ကို စစ်ဆေးပြီး မှန်ကန်ပါက တိုင်ကြားသူ၊ လိမ်လည်သည်ဟု သံသယရှိသူနှင့် ဆက်နွယ်သူတို့၏ ငွေစာရင်းများကို ချက်ချင်းယာယီ တားဆီးရမည်ဖြစ်ပြီး ယာယီတားဆီးခြင်းကို ၇၂ နာရီကြာ ထိန်းသိမ်းထားရှိခြင်း၊ လိမ်လည်သည်ဟု သံသယရှိသူနှင့် ဆက်နွယ်သူတို့၏ ဆက်သွယ်ဆောင်ရွက်သူအား ကောင်းစွာ သိရှိခြင်း (Know Your Customer-KYC) အချက်အလက်များအား သက်ဆိုင်ရာ အမှုဖွင့်လှစ်

ထားသည့် သို့မဟုတ် စိစစ်လျက်ရှိသည့် ဌာနဆိုင်ရာအဖွဲ့အစည်းသို့ ဆက်သွယ်ပေးပို့ခြင်း၊ ငွေစာရင်းယာယီတားဆီးပြီးပါက အဆိုပါငွေစာရင်းဆိုင်ရာ အချက်အလက်များနှင့် ယင်းငွေစာရင်းများ၏ လွှဲပြောင်းဆောင်ရွက်မှုများကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ သံသယဖြစ်ဖွယ် လွှဲပြောင်းဆောင်ရွက်မှုအဖြစ် ၂၄ နာရီအတွင်း သတင်းပေးပို့ခြင်း၊ လိမ်လည်ခံရသူ၏ ရဲစခန်းတွင် အမှုဖွင့်ထားကြောင်း သက်ဆိုင်ရာရဲစခန်းမှ အကြောင်းကြားချက် လက်ခံရရှိပါက ငွေစာရင်းယာယီတားဆီးထားသည့် ၇၂ နာရီနောက်ပိုင်းမှစ၍ အမှု၏ စုံစမ်းစစ်ဆေးပေါ်ပေါက်ချက်၊ ထပ်မံသိရှိရသော အချက်အလက်များအပေါ်မူတည်၍ လိုအပ်ပါက အမှုပြီးပြတ်သည်အထိ ဆက်လက်ဆောင်ရွက်ခြင်း၊ လိမ်လည်ခံရသူက ရဲစခန်းတွင် အမှုဖွင့်လှစ်ထားကြောင်း သက်ဆိုင်ရာရဲစခန်းမှ အကြောင်းကြားလာခြင်းမရှိပါက ယာယီတားဆီးထားသည့် ငွေစာရင်းများအား ၇၂ နာရီ နောက်ပိုင်းတွင် ပြန်လည်ဖွင့်လှစ်ပေးခြင်း၊ လိမ်လည်သည်ဟု သံသယရှိသူနှင့် ဆက်နွယ်သူတို့၏ ငွေစာရင်းများအား ယာယီတားဆီးရာတွင် လိမ်လည်သည်ဟု သံသယရှိသူက လိမ်လည်မှုနှင့်သက်ဆိုင်ခြင်းမရှိသည့် ငွေကြေးလွှဲပြောင်းပေးချေမှုနှင့် စပ်လျဉ်း၍ ငွေစာရင်းယာယီတားဆီးခံရသူက ငွေစာရင်းဖွင့်လှစ်ပေးပါရန် အထောက်အထားများဖြင့် တင်ပြလာပါက အမှုစုံစမ်းစစ်ဆေးနေသည့် ရဲစခန်း သို့မဟုတ် ရဲတပ်ဖွဲ့၏ သဘောထားမှတ်ချက်တောင်းခံ၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ တင်ပြဆောင်ရွက်ခြင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် နှင့် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့တို့က သတင်းအချက်အလက်များ ထပ်မံတောင်းခံလာပါက ချက်ချင်း ပံ့ပိုးပေးရခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း သိရှိရပါသည်။

ပြည်ထောင်စုအဆင့်အဖွဲ့အစည်းနှင့်အစိုးရဌာန၊
အစိုးရအဖွဲ့အစည်းများအတွက်အမှုလိုက်ဌာနခွဲ
တရားစွဲနှင့်အမှုလိုက်ဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

သတင်းအရင်းအမြစ်: www.cbm.gov.mm

## UAE နိုင်ငံတွင် ကျင်းပနေသည့် COP 28th (Conference of the Parties) ၏ ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ ဖြေရှင်းဆောင်ရွက်ချက်များ

COP 28 ဆိုသည်မှာ ကမ္ဘာ့ကုလသမဂ္ဂ၏ ၂၈ ကြိမ်မြောက် ရာသီဥတုဆိုင်ရာညီလာခံ ဖြစ်ပါသည်။ နိုင်ငံအသီးသီးမှ အစိုးရများက အနာဂတ်ရာသီဥတုပြောင်းလဲမှု ဖြစ်စဉ်များအတွက် မည်သည့်အရာများကို ကန့်သတ်၍ မည်သည့်အရာများကို ပြင်ဆင်စီစဉ်ကြမည် ဖြစ်ကြောင်းကို ဆွေးနွေးကြခြင်းဖြစ်ပါသည်။ အဆိုပါထိပ်သီးညီလာခံကို ယခုနှစ် နိုဝင်ဘာလ ၃၀ ရက်နေ့ မှ ဒီဇင်ဘာလ ၁၂ ရက်နေ့ အထိ အာရပ်စော်ဘွားများပြည်ထောင်စု(UAE) နိုင်ငံရှိ ဒူဘိုင်းမြို့တွင် ကျင်းပလျက်ရှိပါသည်။ COP ၏အဖွဲ့ဝင်များသည် ၁၉၉၂ ခုနှစ်၊ ကုလသမဂ္ဂရာသီဥတု ပြောင်းလဲမှု ဆိုင်ရာသဘောတူညီချက်ကို လက်မှတ်ရေးထိုးထားသောနိုင်ငံများဖြစ် ပါသည်။

ယခင် COP 27th ညီလာခံတွင် ဆုံးဖြတ်ခဲ့သော ကမ္ဘာ့အပူချိန်ကို ၁.၅ ဒီဂရီ စင်တီဂရိတ်ထက် ပို၍တက်မလာနိုင်စေရန် ပြုလုပ်မည်ဆိုသော ရည်မှန်းချက်ကို COP28 က ဆက်လက်ထိန်းသိမ်း မည်ဟု နိုင်ငံများက မျှော်လင့်နေကြပါသည်။ အဆိုပါ ပန်းတိုင်ကို ၂၀၁၅ ခုနှစ်က ပဲရစ်တွင် ကျင်းပခဲ့သည့်ညီလာခံတွင် နိုင်ငံပေါင်း ၂၀၀ နီးပါးက သဘောတူထားခဲ့ကြပါသည်။ ကမ္ဘာ့ ကုလသမဂ္ဂ၊ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ နိုင်ငံအစိုးရ များအဖွဲ့ (Inter- governmental Panel on Climate Change –IPCC)၏အဆိုအရ ရာသီဥတုပြောင်းလဲမှုကြောင့်ဖြစ်ပေါ်လာသည့် အဆိုးဆုံး သောသက်ရောက်မှုများကို ရှောင်လွှဲနိုင်ရန်အတွက် ၁.၅ ဒီဂရီ စင်တီဂရိတ် ရည်မှန်းချက်ပန်းတိုင် သည် အရေးကြီး ကြောင်း ဆိုထားပါသည်။

သို့ရာတွင် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှင့်မှုများနှင့်စပ်လျဥ်း၍ ချမှတ်ထားသော သဘောတူညီချက် များအတိုင်းလုပ်ဆောင်ကြရာတွင် ကမ္ဘာ့အပူချိန်သည် ၂.၅ ဒီဂရီ စင်တီဂရိတ်အထိ တက်လာနိုင် သည်ဟု တွက်ဆထားကြပြီး ၁.၅ ဒီဂရီစင်တီဂရိတ် ရည်မှန်းချက်ကို ရောက်နိုင်ရန် အချိန်မှာ အလွန် နည်းပါးနေကြောင်း ကုလသမဂ္ဂက ပြောကြားထားပါသည်။ ပဲရစ်သဘော တူညီချက်အား ဆက်လက် ဆောင်ရွက်နိုင်ရန် COP 28 က အောက်ပါအချက်များကိုလည်း အလေးထားဆောင်ရွက်သွားရန်ရှိ ကြောင်း အဆိုပါညီလာခံတွင် ပြောဆိုထားပါသည်-

- ၂၀၃၀ ပြည့်နှစ်မတိုင်မီ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို ရပ်တန့်နိုင်ရန်နှင့် သန့်ရှင်း စွမ်းအင်ထုတ်လုပ်မှုအား အမြန်ဆောင်ရွက်နိုင်ရေး၊

- ချမ်းသာသည့်နိုင်ငံများမှ ဆင်းရဲသည့်နိုင်ငံများထံသို့ ရန်ပုံငွေကူညီပေးရေးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် သဘောတူညီမှုများ ချမှတ်နိုင်ရေး
- သဘာဝပတ်ဝန်းကျင်နှင့် ပြည်သူလူထုအပေါ် အလေးထားရေး
- COP28 တွင် နိုင်ငံပေါင်းစုံ ပါဝင်လာနိုင်စေရေး

ထို့အပြင် ကျန်းမာရေး၊ ဘဏ္ဍာရေး၊ အစားအစာ၊ သဘာဝပတ်ဝန်းကျင်စသည့် ကိစ္စရပ်များကိုလည်း အလေးထား ဆွေးနွေးကြမည် ဖြစ်ပါသည်။

COP 28 တွင် ကျောက်မီးသွေး၊ ရေနံ၊ သဘာဝဓာတ်ငွေ့ စသည့် ရုပ်ကြွင်းလောင်စာ များဖြင့် လောင်ကျွမ်းစေနိုင်သည့် စွမ်းအင်ထုတ်လုပ်မှုများကို မည်သည့်အချိန်တွင် ရပ်စဲမည်နည်းဆိုသည့် အချက်နှင့်စပ်လျဉ်း၍ အငြင်းပွားစရာများလည်း ဖြစ်လာနိုင်ကြောင်း၊ ယင်းအငြင်းပွားမှုအပေါ် သဘောတူညီမှုမရလျှင် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုများအား ရပ်တန့်ရေးမှာလည်း အလုပ်မဖြစ်နိုင်ကြောင်း ပြောဆိုထားကြပါသည်။

ရာသီဥတုဆိုင်ရာ COP ညီလာခံများကို ဝေဖန်ကြသူများက အဆိုပါထိပ်သီးညီလာခံများသည် အမှန်တကယ်လိုအပ်သည့် အပြောင်းအလဲများကို မလုပ်နိုင်ကြဘဲ အစိမ်းရောင်အမှတ်အသားကို တလွဲအသုံးချအမှတ်ယူနေကြသောပွဲများဖြစ်သည်ဟု ပြောဆိုကြပါသည်။ သို့ရာတွင် အဆိုပါထိပ်သီးညီလာခံမှတစ်ဆင့် တစ်နိုင်ငံချင်းစီလိုက် လုပ်ဆောင်မည့် စီမံချက်များထက် သာလွန်သောကမ္ဘာလုံးဆိုင်ရာသဘောတူချက်များကို ရလာနိုင်မည်ဖြစ်ပါသည်။ ဥပမာအားဖြင့် ပဲရစ် COP 21 တွင်ချမှတ်ခဲ့သည့် ၁.၅ ဒီဂရီစင်တီဂရိတ် ပန်းတိုင်သည် ကမ္ဘာတစ်လွှားရှိနိုင်ငံများက ဆောင်ရွက်ကြမည့်ရာသီဥတုဆိုင်ရာ အရေးယူဆောင်ရွက်မှု တစ်ခုအဖြစ် သဘောတူနိုင်ခဲ့ကြကြောင်း ကုလသမဂ္ဂက ပြောဆိုထားပါသည်။

UAE နိုင်ငံ၏ရည်မှန်းချက်များထဲမှ တစ်ခုဖြစ်သည့် ကမ္ဘာ့ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အသုံးပြုသည့် ၂၀၃၀ ပြည့်နှစ်ကို ရောက်သည့်အခါ လက်ရှိအသုံးပြုနေသည့်ပမာဏ၏ ၃ ဆ အထိတိုးလာမည် ဖြစ်ပါသည်။ လက်ရှိတွင် ပါရီသဘောတူညီချက်သည် ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေးနှင့်ပတ်သက်ပြီး သက်ဆိုင်ရာနိုင်ငံများအနေဖြင့် မဖြစ်မနေ လုပ်ဆောင်ရန် အင်အားသုံးတိုက်တွန်းခြင်းမရှိသည်ကို တွေ့ရှိရပါသည်။ ကမ္ဘာ့ကုလသမဂ္ဂလုပ်ငန်းစဉ်အတိုင်းသာဖြစ်သဖြင့်

သက်ဆိုင်ရာနိုင်ငံများသည် မဖြစ်မနေမဟုတ်ဘဲ ၎င်းတို့၏ဆန္ဒအလျောက်သာ လုပ်ဆောင်ရခြင်းကြောင့် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကမ္ဘာ့အပူချိန်မြင့်တက်နေမှုကိုကန့်သတ်ရန် နိုင်ငံတကာသဘောတူညီထားသော ရည်မှန်းချက်များအောင်မြင်သလားဆိုသည့်အချက်ကို ဆန်းစစ်ရန်မှာလည်း ယခုအစည်းအဝေး၏ ဦးတည်ချက်များတွင် ပါဝင်နေသဖြင့် COP 28 ညီလာခံသည် လေထုညစ်ညမ်းမှုဖြစ်စေသော ရုပ်ကြွင်းလောင်စာများကို အသုံးပြုမှု အဆုံးသတ်နိုင်ရေး ရက် တစ်ရက်ကို သတ်မှတ်နိုင်မည်လား ဆိုသည်ကို ဆက်လက်စောင့်ကြည့်ရမည်သာ ဖြစ်ပါသည်။

အပြည်ပြည်ဆိုင်ရာဥပဒေနှင့်အာဆီယံဥပဒေရေးရာဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

Sources: https://www.bbc.com/burmese/articles/cev7rdkp7p0o
https://www.bbc.com/burmese/articles/c0j292ww74wo

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ (၁) အမှတ် (၂၉) ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်

## ကမ္ဘာ့ကပ်ရောဂါဆိုင်ရာ သဘောတူစာချုပ်(မူကြမ်း) သည် လူ့အခွင့်အရေးကိုကာကွယ်ရန် ပျက်ကွက်ခြင်း

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)၏ Intergovernmental Negotiating Body သည် ကမ္ဘာ့ကပ်ရောဂါကာကွယ်မှု၊ ကြိုတင်ပြင်ဆင်မှုနှင့် တုန့်ပြန်မှုဆိုင်ရာအပြည်ပြည်ဆိုင်ရာစာချုပ်အသစ်(မူကြမ်း)ကို ဆွေးနွေးရန်၊ Covid-19 ကြောင့်ဖြစ်ပေါ်ခဲ့သည့် ပျက်ကွက်မှုများကို ဖြေရှင်းရန်နှင့် အခြားကမ္ဘာ့အကျပ်အတည်းကို ကာကွယ်တားဆီးရန်တို့နှင့်စပ်လျဉ်း၍ ဆွေးနွေးပွဲများ ကျင်းပဆောင်ရွက်လျက်ရှိရာ ယင်းဆွေးနွေးပွဲများတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ကမ္ဘာ့ကပ်ရောဂါဆိုင်ရာ သဘောတူစာချုပ်မူကြမ်းတွင် လူ့အခွင့်အရေးဆိုင်ရာ ကတိကဝတ်များကို ဖြည့်ဆည်းနိုင်စေရန်အတွက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးအဖွဲ့အစည်းများက လိုလားလျက်ရှိပါသည်။

အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးအဖွဲ့အစည်းများဖြစ်သည့် Amnesty International ၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာအခွင့်အရေးများအတွက် ကမ္ဘာလုံးဆိုင်ရာကနဦးအဖွဲ့၊ အပြည်ပြည်ဆိုင်ရာဥပဒေပညာရှင်များ ကော်မရှင်နှင့် လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့တို့က လက်ရှိမူကြမ်းသည် အပြည်ပြည်ဆိုင်ရာဥပဒေအရ အကာအကွယ်ပေးထားသော အဓိကကျသည့် လူ့အခွင့်အရေးစံနှုန်းများကို လိုက်နာခြင်းမရှိသည့်အပြင် ကျန်းမာရေးဆိုင်ရာ အခွင့်အရေးနှင့် သိပ္ပံပညာဆိုင်ရာ တိုးတက်မှုများမှ အကျိုးခံစားခွင့်များကို ပြဋ္ဌာန်းထားခြင်းမရှိကြောင်း ပြောကြားထားပါသည်။

အဆိုပါသဘောတူစာချုပ်မူကြမ်းရေးဆွဲခြင်း လုပ်ငန်းစဉ်တွင် ရာဇဝတ်မှုဆိုင်ရာ အသိုင်းအဝိုင်းများမှ သက်ဆိုင်သူများကို ချန်လှပ်ထားကြောင်း၊ သက်ဆိုင်သူအားလုံးနှင့် ပူးပေါင်းပါဝင်မှုများဆောင်ရွက်ရန် အကြိမ်ကြိမ်ပျက်ကွက်ခဲ့ပြီး အရပ်ဘက် လူ့အဖွဲ့အစည်းများ၏ တောင်းဆိုမှုများကို ညှိနှိုင်းရေးအဖွဲ့က လျစ်လျူရှုခဲ့ကြောင်း၊ နောင်အနာဂတ်တွင် ပေါ်ပေါက်မည့် ကပ်ရောဂါများအတွက် လူ့အခွင့်အရေးများကို အခြေပြု၍ တုံ့ပြန်မည့် ပြဋ္ဌာန်းချက်များ ထည့်သွင်းဖော်ပြရန် အရပ်ဘက်လူ့အဖွဲ့အစည်းများက အကြိမ်ကြိမ်တောင်းဆိုသော်လည်း လူ့အခွင့်အရေးဆိုင်ရာလိုက်နာရမည့်တာဝန်ဝတ္တရားများကို ကန့်သတ်ထားသည့် ပြဋ္ဌာန်းချက်များသာ ပါရှိကြောင်း အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးအဖွဲ့များက မူကြမ်းရေးဆွဲသည့်လုပ်ငန်းစဉ်၏ လစ်ဟာမှုများကို ဝေဖန်ထောက်ပြကြပါသည်။

အဆိုပါမူကြမ်း၌ ငွေကြေးအထောက်အပံ့နှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ပေးရာတွင် ပုဂ္ဂလိကပါဝင်ဆောင်ရွက်သူများ ပါဝင်သည့်အခါ အစိုးရများသည် ၎င်းတို့အား နိုင်ငံတကာလူ့အခွင့်အရေးဥပဒေနှင့်အညီ ကြပ်မတ်ထိန်းကျောင်းရန်လိုအပ်ကြောင်း၊ တစ်သီး ပုဂ္ဂလများအား တင်းကြပ်သည့် စည်းမျဉ်းစည်းကမ်းများချမှတ်ရန်၊ ၎င်းတို့ပါဝင်ခြင်းကြောင့် မလိုလားအပ်သည့် ဘေးအန္တရာယ်များ မဖြစ်ပေါ်စေရန်၊ ၎င်းတို့အား ကာကွယ်ရန်တို့ကို လူ့အခွင့်အရေး ဆိုင်ရာရှုထောင့်မှ ပူးပေါင်းပါဝင်သင့်ကြောင်းနှင့် ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်မှု အားလုံးသည် ကျန်းမာရေးဆိုင်ရာအခွင့်အရေးကို အပြည့်အဝ အကောင်အထည်ဖော်နိုင်စေရန် အာမခံချက်ပေးရမည်ဖြစ်ကြောင်း လူ့အခွင့်အရေးအဖွဲ့များက အကြံပြုကြပါသည်။

ကျန်းမာရေးအတွက် လူမှုရေးကွန်ရက်နှင့် စီးပွားရေးဆိုင်ရာ နောက်ဆက်တွဲ ပျက်ကွက်မှုများ၏ အရေးပါမှုကို Covid-19 ကပ်ရောဂါက မီးမောင်းထိုးပြနေပါသည်။ မူကြမ်းတွင် Covid-19 ကဲ့သို့သော ကူးစက်ရောဂါသည် မညီမျှမှုများကို ပိုမိုဆိုးရွားစေကြောင်း အသိအမှတ် ပြုထားသော်လည်း အစိုးရများက လူမှုဖူလုံရေး၊ စားနပ်ရိက္ခာ၊ ပညာရေး၊ အိမ်ရာ၊ ရေနှင့် သန့်ရှင်းရေးအပါအဝင် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များအပေါ် အာမခံသည့်အခွင့်အရေးများကို ခွဲခြားမှုမရှိဘဲ ထိရောက်စွာကာကွယ်ပေးရန် အတိအလင်း ဖော်ပြထားခြင်းမရှိကြောင်း ထောက်ပြ အကြံပြုထားပါသည်။

သို့ဖြစ်၍ ဦးတည်အုပ်စုများမှ လူပုဂ္ဂိုလ်များ၏ အခွင့်အရေးများကို ကာကွယ်ရန် တာဝန်ရှိမှုများနှင့် ခွဲခြားဆက်ဆံမှုများကို ဆန့်ကျင်သည့် လူ့အခွင့်အရေးဆိုင်ရာစံနှုန်းများကို အလေးပေးသည့်ပြဋ္ဌာန်းချက်များကို စာချုပ်မူကြမ်း၌ ရှင်းလင်း ပြတ်သားစွာဖော်ပြခြင်းဖြင့် သာတူ ညီမျှမှု အမှန်တကယ်ရရှိရေးကို အထောက်အကူပြုမည်ဖြစ်ကြောင်း ဝေဖန်ထောက်ပြထားသည်ကို သိရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းများဌာနခွဲ<br>ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန<br>ဥပဒေရေးရာဝန်ကြီးဌာန

**ကိုးကားချက်** [https://www.hrw.org/news/2023/11/07/draft-pandemic-treaty-fails-protect-rights](https://www.hrw.org/news/2023/11/07/draft-pandemic-treaty-fails-protect-rights)

**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

